



စိတ်ကူးချိုချိုအနုပညာ
ဇော်ဂျီ
သကုန္တလာ
ဒုတိယအကြိမ်

mgyoe.com



ZG0006

700.00 KS

mgyoe.com

သကုန္တလ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၇၈၀၈၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၆၁၁၀၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလတွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၈၉၅.၈၃

ဇော်ကို

သကုန္တလ / ဇော်ကို ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၄၄ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ

(၁) သကုန္တလ

mgyoe.com

mgyoe.com

[ ၁ ]


ဟတ္ထိနပြည်၌ ပုရုအမျိုးမှ ဆင်းသက်သော ဒုသျှန္တမင်းသည် နန်းစံလျက်ရှိလေသည်။ ထိုမင်းသည် လှပတင့်တယ်၏။ ဘုန်းလက်ရုံးပညာနှင့် ပြည့်စုံ၏။ ကာဝတီသာသိကြားမင်း၏ အဆွေတော်လည်း ဖြစ်လေသည်။

အဂါတပါး၌ ဒုသျှန္တမင်းသည် တောကစားထွက်တော်မူရာ တောအုပ်တစ်ခုသို့ရောက်၍ သမင်တစ်ကောင်ကို မြင်လေ၏။ ထိုအခါ ဒုသျှန္တမင်းသည် မိမိ၏ရထားထိန်းကိုခေါ်၍ 'ကွဲ ... ရထားထိန်း၊ ထိုသမင်ကို မီအောင် ရထားကို အပြင်းနှင်လော့' ဟု မိန့်တော်မူလေ၏။

သမင်သည် ရှေ့ကပြေး၏။ မင်း၏ရထားသည် နောက်က လိုက်၏။ ရထားသည် သမင်ကို မီလာသောအခါ ဒုသျှန္တမင်းသည် လေးဖြင့်ရွယ်၍ မြားကိုလွှတ်မည်ဟု ပြင်လေ၏။ ထိုအခိုက်တွင် လျှော်တေသက်န်းဆင်မြန်းသော ရသေ့ပျိုနှစ်ပါးသည် တောအုပ်မှ ရုတ်တရက်ထွက်လာ၍ 'အို ... တကာတော်မင်းမြတ်၊ ဆိုင်းပါဦးလော့။ မင်းတို့၏လေးမြားသည် အပြစ်မဲ့သူအဖို့ မဖြစ်သင့်ပါ။ ရန်သူအဖို့သာ ဖြစ်သင့်ပါသည်။ ထိုသမင်သည် အပြစ်မဲ့သူဖြစ်ပါ၏။ နေတစ်ဆူ လတစ်ဆူ ထင်

mgyoe.com

mgyoe.com



"အို··· တကာတော်မင်းမြတ် ဆိုင်းပါဦးလော့"

mgyoe.com

mgyoe.com



ရှားသော ကျွန်ုပ်တို့၏ဆရာ ကန္တရသေ့၏ သမင်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုသမင်၏အသက်ကို ချမ်းသာပေးတော်မူပါ' ဟု မေတ္တာ ရပ်ကြလေသည်။

ဒုသျှန္တမင်းသည် ရသေ့ပျိုနှစ်ပါးကိုကြည့်၍ ကြည်ညိုခြင်းဖြစ် လာသဖြင့် မိမိ၏လေးမြားကို သိမ်းတော်မူလေ၏။ ထိုအခါ ရသေ့ပျို နှစ်ပါးက 'ကောင်းလေစွ၊ ကောင်းလေစွ' ဟု သာဓုခေါ်ပြီးနောက် ဆက်၍ 'တကာတော်မင်းမြတ်၊ မာလိနီမြစ်ကမ်း၌ရှိသော ကျွန်ုပ်တို့၏ဆရာ ကန္တရသေ့၏ ကျောင်းသင်္ခမ်းသည် မဝေးတော့ပါပြီ။ ကြုံကြိုက်သည့် အခါတွင် ကျောင်းသင်္ခမ်းသို့ ဝင်သင့်ပါသည်။ ဆရာရသေ့သည် ယခု အခါ၌ ကစ်ပါးသောအရပ်သို့သွား၍ ဈာန်တရားကို ပွားများနေသဖြင့် ကျောင်းသင်္ခမ်း၌ မရှိပါ။ သို့ရာတွင် ဆရာရသေ့၏ သမီးဖြစ်သော သကုန္တလာသည် ကျောင်းသင်္ခမ်း၌ ရှိပါသည်။ တကာတော်မင်းမြတ်သည် ကျောင်းသင်္ခမ်း၌ အသင့်ရှိသော ပန်းသစ်သီး ချိုချဉ်ရသာတို့ကို သကုန္တလာထံမှ အဆက်အသ ခံယူသင့်ပါသည်' ဟု ဆို၍ အလိုရှိရာသို့ သွားကြလေသည်။

ဒုသျှန္တမင်းသည် ရထားကို ဆက်၍နှင်စေရာ ဆရာကန္တရသေ့၏ ကျောင်းသင်္ခမ်းအနီးသို့ ရောက်လေ၏။ ရသေ့တို့ပျော်မွေ့ရာ ကျောင်း သင်္ခမ်း၏ပတ်ဝန်းကျင်ကို မြင်သောအခါ ရထားထိန်းကိုခေါ်၍ 'ကြည့် စမ်း ... မောင်မင့်။

တမာရွှေကျေး၊ နှုတ်နီကွေးက
သလေးမုယော၊ ငှက်ပျောမာလကာ၊ ငှက်ကိုက်စာ
မြေမှာအနံ့ ကျဲတော့တယ်။
ကျောက်ဆုံပြကတော့၊ ကျောက်ကျည်ပွေ့လဲ
သစ်စေ့ဆိမ့်အီ၊ ပွတ်ခဲ့ပြီ
ဆီရည်စိုလို့ ရွဲတော့တယ်။

mgyoe.com

mgyoe.com


ညောင်ပင်မှာလန်း၊ လျှော်သကန်းမှ၊ ရွှမ်းတစက်စက်
လျှော်နီရေ၊ မြေမှာသက်
မြေကွက်နီလို့ ရဲတော့တယ်။
ပေါက်လဲပွင့် ပန်းရဂုံ
ရသေ့ချောင် လှိုဂူရိုးမှာ မီးခိုးကြောင့်မှုန်၊
သမင်မျှ သူတို့ပုံငယ်၊ ကြောက်တုန်ကြလေဘူး။
သည်သို့လာ ဟိုသို့သွားနဲ့
မြသားရောင် မြက်အခင်းမှာ
သင်းတို့ခုန်မြူး။

တယ်ထူးတဲ့ ကျောင်းသင်္ခမ်းနေရာပါကလား မောင်မင့်' ဟု ဆို လေ၏။

ထို့နောက် ဒုသျှန္တမင်းသည် ရထားမှဆင်း၍ 'လက်နက်လေးမြား ရွှေသားရတနာ မင်းဝတ်တန်ဆာတို့သည် ရသေ့သူမွန်တို့၏အရပ်နှင့် မသင့်ပေ။ မောင်ရထားထိန်းက သိမ်းထားရမည်။ ကိုယ်တော်မြတ်သည် ဤကျောင်းသင်္ခမ်း၏ ပတ်ဝန်းကျင်၌ တစ်ကိုယ်တည်း လှည့်လည်ကြည့် ရှုလိုသည်။ မောင်ရထားထိန်းသာ စခန်းပြန်ပေရော့' ဟု ဆို၍ လက်နက် လေးမြား ရွှေသားရတနာ မင်းဝတ်တန်ဆာတို့ကို ရထားထိန်းအား အပ် လေ၏။ ရထားထိန်းသည် စခန်းချရာသို့ ပြန်လေသည်။

ဒုသျှန္တမင်းသည် ကျောင်းသင်္ခမ်းအနီး၌ တစ်ကိုယ်တည်း လှည့် လည်ကြည့်ရှုနေစဉ် မိန်းမပျိုတို့၏အသံကို ရုတ်တရက် ကြားလေ၏။ ထို့ကြောင့် ပန်းရုံတစ်ခု၌ကွယ်၍စောင့်ကြည့်ရာ ရေအိုးကိုယ်စီပိုက်၍ လာကြသော မိန်းမပျိုသုံးဦးကို မြင်လေ၏။ ဒုသျှန္တမင်းသည် အံ့သြ၍ 'အလို ... ရေအိုးကိုယ်စီနှင့် သစ်ပင်ပန်းမန်များကို ရေအလောင်းလာ ကြသည့်ထင်၏။ ယဉ်ကျေးလိုက်ကြပါဘိ။

ရွှေပြည်အောင်ချာ၊ နန်းဘုံသာ၊ ကလျာမျှပန်း

mgyoe.com

mgyoe.com



"သည်မာလာတို့က သာကြွပါကလားကွယ်ရို"

mgyoe.com

mgyoe.com


မြကြေးမုံမှာ၊ လှဂုဏ်တော် ဆန်းပေမဲ့
မြိုင်ခန်းပျော်မွေ့၊ မြိုင်ဓလေ့၊ ရသေ့ကလျာ
သည်မာလာတို့က၊ သာကြပါကလားကွယ်ရို့။

ငါကိုယ်တော် ပန်းရုံရိပ်က တစ်ဆိတ်ကလေး စောင့်ကြည့်ရဦးတော့မည်' ဟု ဆို၍ စောင့်ကြည့်လေ၏။

မိန်းမပျိုသုံးဦးအနက် တစ်ဦးသည် ကန္နရသေ့၏သမီး သကုန္တလဖြစ်၍ ကျန်နှစ်ဦးသည် အထိန်းတော် ပိယံဝဒနှင့် အနသူယတို့ ဖြစ်ကြလေသည်။ သကုန္တလကို ကန္နရသေ့၏သမီးဟု ဆိုရသော်လည်း သမီးအရင်းမဟုတ်ချေ။ ကောသိကပြည့်ရှင်မင်းနှင့် မေနက နတ်သမီးတို့၏ သမီးဖြစ်လေသည်။ သကုန္တလ ကြီးပြင်းလာသည်အထိ ကန္နရသေ့က ကောက်ယူမွေးစားထားခြင်းမျှသာ ဖြစ်လေသည်။

မိန်းမပျိုသုံးဦးသည် ကျောင်းသင်္ခမ်းပတ်ဝန်းကျင်၌ရှိသော သစ်ပင်ပန်းပင်များကို နေ့စဉ်နေ့တိုင်း ရေလောင်းလေ့ရှိကြလေသည်။ ယနေ့၌လည်း ထိုသုံးဦးသည် အခါတိုင်းကဲ့သို့ပင် ရေအလောင်းလာကြ၍ ရေလောင်းရန် ပြင်ကြလေ၏။ ထို့နောက် ရေလောင်းကြစဉ် အချင်းချင်းကျီစယ်၍ ရယ်မောပျော်ရွှင်နေကြလေသည်။

အနသူယ။ ။ မမကုန္တလာငဲ့၊ ခမည်းတော်ဘုရားသည် မမကို ဟောသည် ပန်းပင်လောက် မြတ်နိုးသည်ဟု မထင်ပါ။ အကယ်၍ မြတ်နိုးသည်ဖြစ်လျှင် သည်ပန်းပင်၏နံဘေး မြောင်းငယ်ထဲသို့ မမကို ရေအသွင်းခိုင်းမည်မဟုတ်ပါ။ စင်စစ်မှာ မမလည်း စံပယ်ပန်းကဲ့သို့ နူးညံ့လှသည်မဟုတ်ပါလား။

သကုန္တလ။ ။ အို ... သည်လိုမပြောပါနှင့် နသူသူငဲ့။ မမကိုယ်တိုင်ကလည်း သည်ပန်းပင်များကို ညီအရင်းအချာကဲ့သို့ အောက်မေ့ပါသည်။ ခမည်းတော်ဘုရား၏ ခိုင်းစေချက်ကြောင့်သာ မဟုတ်ပါ။ မမ၏ စေတနာကြောင့်လည်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com



ပီယံဝဒ။ ။ ကုန္တလာအမိရေ ... နွေဦးရာသီအလိုက် ဖူးပွင့်ကြသော ဤပန်းပင်များကို ရေလောင်းပြီးကြပြီ။ ဆောင်းရာသီတုန်းက ဖူးပွင့်ခဲ့ကြသော ဟိုဘက်က ပန်းပင်များကိုလည်း ရေလောင်းပေးဦးမှဖြစ်မည်။ သို့မှသာ စေတနာထားရာရောက်လိမ့်မည်။ ယခု မမတို့ သစ်ပင်ပန်းပင်များကို ရေလောင်းပေးကြသည်မှာ သူတို့ထံမှ အဖူးအပွင့် အသီးအရွက်များကို လိုချင်သောဆန္ဒသက်သက်ကြောင့်မဟုတ်ပေဘူး။ စေတနာကြောင့်လည်း ဖြစ်သည်။ လာဘ်လာဘမျှော်၍ ဆောင်ရွက်ပေးခြင်းကို မြတ်သောဆောင်ရွက်ပေးခြင်းဟူ၍မဆိုသာဘူး။ စေတနာပါမှလည်း မြတ်သည်ဟု ဆိုနိုင်သည်မဟုတ်ပါလား။

သကုန္တလ။ ။ ဟုတ်ပါပေသည်။ မမပီယံ၏စိတ်ထားသည် မြတ်သော စိတ်ထားဖြစ်ပေသည်။

ထိုသို့ ပြောဆိုကြ၍ မိန်းမပျိုသုံးဦးသည် ဆောင်းရာသီက ဖူးပွင့်ခဲ့သော ပန်းပင်များဆီသို့သွား၍ ရေလောင်းကြလေ၏။ ရေလောင်းနေစဉ် သကုန္တလသည် အနုသူယသို့လှမ်း၍ 'နုသူသူငဲ့၊ မမပီယံစည်းပေးသည့် ရင်စည်းလျှော်တေသည် တင်းလွန်း ကျပ်လွန်းလှသည်။ ဆိတ်စာမျှ လျှော့ပေးပါဘိ' ဟုဆိုရာ အနုသူယသည် သကုန္တလ၏ ရင်စည်းလျှော်တေကို ပြင်၍ စည်းပေးလေ၏။ ထိုအခါ ပီယံဝဒက မျက်စောင်းထိုး၍ 'အင်း အမိက မမကို အပြစ်တင်မစောနှင့်ဦး၊ အမိကိုယ်တိုင်ကလည်း အရွယ်တော်ဝင်စ၊ လှလည်းလှ၊ စိုလည်းစို၊ နုပျိုသော ကိုယ့်အရွယ်ကိုသာ အပြစ်တင်ဖို့ကောင်းလှသည်' ဟု ရန်တွေ့လိုက်လေ၏။

ထိုအခါ ပန်းရုံအကွယ်မှ ရှုစားလျက်နေတော်မူသော ဒုသျန္တမင်းသည် မိမိတစ်ကိုယ်တည်းဆိုမိသည်မှာ 'မမပီယံ မိန့်လိုက်ဟန်သည် မှန်လွန်းလှပေသည်။ ဩော် ... ကိုယ်ရုံလွှာ သစ်ခေါက်ဆိုးဖြစ်သော်လည်း သည်ကလျာဝတ်ဆင်လိုက်သောအခါ တစ်မျိုးပင် အဆင်လှ၍

mgyoe.com

mgyoe.com



ယဥ်စစရှိပါဘိ' ဟု ဆိုမိလေ၏။ သို့ရာတွင် မိန်းမပျိုသုံးဦးသည် ဒုသျန္တမင်း၏စကားကို မကြားကြချေ။

ထို့နောက် သကုန္တလသည် မနီးမဝေး၌ရှိသော ချရားပင်ကို ကြည့်၍ 'မမပီယံငဲ့၊ ဟိုနေရာက ချရားပင်မှာ သူ့အကိုင်းက နွဲ့နွဲ့နှောင်းနှောင်း၊ သူ့အခက်က တပျောင်းပျောင်းနှင့် ကျွန်မတို့ထံမှ အကူတောင်းနေသည် ထင်ပါ၏။ အမိသွား၍ ရေလောင်းပေးလိုက်ဦးမည်' ဟုဆို၍ ချရားပင်ဆီသို့ သွားလေ၏။ သကုန္တလသည် ချရားပင်အနီးသို့ရောက်သောအခါ ပီယံဝဒက 'ကုန္တလာ အမိငဲ့၊ ခဏလောက်ရပ်လိုက်စမ်းပါဦး။ ရပ်သည့်နေရာမှာ ငြိမ်ငြိမ်နေလိုက်စမ်းပါဦး' ဟု လှမ်းပြော၍ ချရားပင်ကိုတစ်လှည့်၊ သကုန္တလကိုတစ်လှည့်စောင်းကာ ငဲ့ကာ ကြည့်လေ၏။ သကုန္တလသည် ရှက်စနိုးဖြစ်၍ 'မမပီယံက ဘာကိုရွယ်၍ ကျီစယ်နေပြန်ပါလိမ့်'

ကန္နရသေ့ကြီး၏ ကျောင်းသခ်မ်းနေရာ



mgyoe.com




ဟု ဆိုလိုက်လေ၏။

ပီယံဝဒ။ ။ ကျီစယ်သည်မဟုတ်ပါ။ အမိသည် ချရားပင်အနီးမှာ ယခု ကဲ့သို့ ယှဥ်၍ရပ်နေသောအခါ ချရားပင်၌ နွယ်ပင်ငယ် ရစ် နေဘိသကဲ့သို့ လှလွန်းလှပါသည်။ ထို့ကြောင့် အရပ်ခိုင်းရ ခြင်းဖြစ်ပါသည်အမိငဲ့။

သကုန္တလ။ ။ အင်း … မမက အမြှောက်အပင့် တတ်လှပါတကား။ စကားတတ်လှပါတကား။ ထို့ကြောင့် မမကို ပီယံဝဒဟု ခေါ် ကြသည်ထင်ပါ၏။

အနသူယသည် ထိုစကားကိုကြားသောအခါ ပြုံးလေ၏။ ထို့ နောက် ပီယံဝဒကို မျက်ရိပ်ပြ၍ တစ်ခုသော သရက်ပင်ပျိုအနီးရှိ စံပယ် ရုံဆီသို့ သွားလေ၏။ ရောက်သောအခါ 'အလိုလေးလေး ဝနသော်တာ



mgyoe.com

mgyoe.com


ရောင်ဟု မမအမည်ပေးထားသည့် စံပယ်ရုံကို လာကြည့်ကြပါဦး။ စံပယ်ရုံသည် တစ်ကိုယ်တည်း မရွှင်မွေ့၍ ကြင်ဖော်တော် သည်သရက်နှင့် အကြည်ဆက်နေပါပေါ့လား' ဟု ဆိုလေရာ သကုန္တလသည် ဝနသော်တာရောင် စံပယ်ရုံဆီသို့သွား၍

'ဟုတ်ပါပေ၏ ... နုသူသူငဲ့။ ငွေစံပယ်နှင့် မြသရက်။ မြသရက်နှင့် ငွေစံပယ်။ အင်း ... သူတို့နှစ်ဦး မောင်နှံစုံယှဉ်ပူး၍ ရွှင်မြူးနေကြသည်ထင်ပါ၏။ ငွေစံပယ်ကလည်း သူ့အပွင့် စံပယ်ပန်းနှင့် တကယ်တမ်း လန်းဆတ်၍ အလွမ်းဓာတ်နှင့် နွဲ့နေပါကလား။ မြသရက်ကလည်း သူ့အပင် သရက်ကင်းနှင့် မင်းယောကျ်ားပုံသဏ္ဍာန်လို ဂုဏ်ဟန်တော် ဝင့်ထယ်၍ တင့်တယ်လှပါကလား နုသူသူငဲ့' ဟုဆိုကာ သကုန္တလသည် စံပယ်ရုံကိုတစ်လှည့်၊ သရက်ပင်ပျိုကိုတစ်လှည့် ကြည့်နေလေ၏။

ပိယံဝဒသည် သကုန္တလ၏ အမူအရာကိုကြည့်၍ ပြုံးလျက် 'နုသူသူငဲ့ ... ညည့်မမက သူ့စံပယ်ရုံကို ဒေါမာန်ပါပါနှင့် ကြည့်နေလိုက်သည်မှာ အသည်းထိတ်စရာကောင်းလှချေ၏' ဟု မျက်ရိပ်ပြ၍ ဆိုလိုက်လေ၏။ ထိုအခါ အနုသူယက 'အသည်းထိတ်စရာကောင်းပုံကို အကြောင်းစုံ ရှင်းပါမှ လင်းရမည့်အမိုက်မဖြစ်ပါသည် မမငဲ့' ဟု လက်အုပ်ချီကာ တောင်းပန်ဟန်ပြ၍ ဆိုလေ၏။

ပိယံဝဒ။ ။ အို ... ညည့်မမက သူစိုက်သည့် စံပယ်ရုံသည် ဟိုသရက်ပင် သူတော်ကောင်းနှင့် ဘယ်လိုအကြောင်း ဆက်မိကြတာလဲတဲ့။ သူ့အဖို့မှာလည်း ကြင်ဘက်တော် သူတော်ကောင်းနှင့် အဘယ်ကြောင့် အကြောင်းမဆက်ဘဲ နေရမှာလဲတဲ့။ ညည့်မမ၏ မျက်နှာကို ကြည့်ပါလား။ ကြင်ဘက်ကို မျှော်နေသည့် လက္ခဏာပါတကား ... နုသူသူငဲ့။

သကုန္တလ။ ။ အင်း ... အင်း ... မမတို့သာ မျှော်ကြ၊ ကိုယ်မျှော်ချင်လျှင် ကိုယ်မျှော်ချင်သည်ဟု ပြောကြပါကလား။ အလကား။

mgyoe.com

mgyoe.com



ပိယံဝဒနှင့် အနုသူယတို့သည် သကုန္တလကို ကျီစယ်ရသဖြင့် သဘောကျ၍ ပြုံးကြလေသည်။ ထို့နောက် အနုသူယသည် သရက်ပင်ပျို အနီးမှခွာ၍ မာဓဝီနွယ်ပင်ဆီသို့ ရေလောင်းရန် သွားပြန်လေ၏။ ရောက်သောအခါ အံ့အားသင့်လျက် 'မမ ကုန္တလာငဲ့၊ သည်ဘက်ကို လာကြည့်ပါဦး။ မမကို ယုယသကဲ့သို့ ခမည်းတော်ဘုရားကိုယ်တိုင် စိုက်ပျိုး ယုယတော်မူသည့် ဤ မာဓဝီနွယ်ပင်ကို မေ့နေပြီလား' ဟု လှမ်း၍ ပြောလိုက်ရာ သကုန္တလသည် မာဓဝီနွယ်ပင်ဆီသို့သွား၍ 'အို ... ဟုတ်ပါပေ၏။ မမေ့ပါဘူး နုသူသူငဲ့။ အလိုလေးလေး အံ့ဩစရာပါတကား။ မမပိယံငဲ့ ကြွလာစမ်းပါဦး၊ ထူးဆန်းလှချည့်' ဟု ဆို၍ ပိယံဝဒကို ခေါ်လေ၏။

ပိယံဝဒသည် နွယ်ပင်ဆီသို့သွား၍ ရောက်သောအခါ 'ဘာများပါလိမ့် အမိငဲ့' ဟု မေးလေ၏။

သကုန္တလ။ ။ ကြည့်စမ်းပါဦး မမငဲ့။ သူ့ရာသီအချိန်အခါမဟုတ်ပါဘဲနှင့် သည်မာဓဝီနွယ်ပင်၌ ဖူးပွင့်နေကြသည်မှာ အမြစ်မြေအထိ ဖွေးနေကြပါတကား။

ပိယံဝဒ။ ။ အလို ဟုတ်ပါ၏။ အမြစ်မြေအထိ ဖွေးနေနေကြပါတကား။ တန်တော့ ... တန်တော့။ တို့ညီမမှာ ကံပေါ်တော့မည်။ အမိမှာ ကြင်သူဆိုက်၍ အကြိုက်တွေ့ရတော့မည် အမိငဲ့။

သကုန္တလ။ ။ မမတို့သာ အကြိုက်တွေ့ကြပါ မမတို့။ မမတို့ ကျီစယ်သည်မှာ လွန်လွန်းလာပါပြီ။

ပိယံဝဒ။ ။ ဩော် ... မမက အကောင်းပြောပါသည်အေ့။ ကျီစယ်သည်မဟုတ်ရပါ။ သည်မာဓဝီနွယ်ပင်မှာ ဖူးတံဖွေးဖွေးချီလာလျှင် အမိအတွက် ကြင်သူပေါ်လိမ့်မည်ဟု ခမည်းတော်ဘုရား မိန့်ဖူးသည်မဟုတ်ပါလား။ အမိမေ့နေပြီလား။

အနုသူယ။ ။ အို ... သည်ဟာ့ကြောင့် မမက သည်မာဓဝီနွယ်ပင်ကို

mgyoe.com

mgyoe.com



နေ့စဉ်နေ့တိုင်း ယုယုယယနှင့် ရေလောင်းပေးပေသည်ကိုး။
ရိပ်မိပါပြီ၊ ရိပ်မိပါပြီ။

သကုန္တလ။ ။ မဟုတ်ရပါဘူး နုသူသူငယ်၊ သည်မာဓဝီနွယ်ပင်ကိုလည်း
မမ ချစ်မြတ်နိုးလှပါသည်။ သူ့ကိုလည်း နေ့စဉ်နေ့တိုင်း
ယုယုယယ ရေလောင်းပေးရမည်သာ ဖြစ်သည်

ဟု ဆို၍ မာဓဝီနွယ်ပင်ကို ရေလောင်းလေ၏။

ထိုအခါ ပန်းရုံအကွယ်၌ စံနေတော်မူသော ဒုသျှန္တမင်းသည် သကုန္တလကို ရှုစားတော်မူလျက် 'ဘုရား ... ဘုရား။ သည်ကလျာသည် ရသေ့၏သမီး မဖြစ်သင့်ပြီ။ အကယ်၍ ခတ္တိယအမျိုးမှ ဖွားသန့်စင်သူဖြစ်လျှင် ကိုယ်တော်မြတ်နှင့် အကြောင်းဆက် ပေါင်းဖက်နိုင်သူ ဧကန်ဖြစ်ပေသည်။

အလှကလျာ၊ မင်းကုန္တာငယ်
နွယ်လာသနစ်၊ ခတ္တိယစစ်ပါက၊ အနှစ်တစ်ပွင့်
မဟေသီတန်၊ ရွှေညီရုံ၊ ဒေဝီခံသင့်တယ်လို့
သည်ဘုရင့်စိတ်ထဲ၊ လွမ်းပုံတော် ကဲခဲ့ပေါ့
သူဘဲပေါ့ နန်းကေရှင်၊ ခတ္တိယနွယ်အဝင်လို့
ထင်ချင်လိုက်ပါဘိတော့သည်။

အကယ်ပင် ခတ္တိယနွယ်ရိုးပေလား။ အမျိုးကိုသိရအောင် မေးစမ်းကြည့်ဦးမှပဲလေ' ဟု မိမိဘာသာ ဆိုမိပြန်လေသည်။

ထိုအခိုက် ပျားတစ်ကောင်သည် ပျံလာ၍ သကုန္တလ၏ မျက်နှာအနီး၌ တုပ်တော့မည့်ဟန်နှင့် ဝဲနေလေ၏။ သကုန္တလသည် ထိတ်လန့်၍ ပျားကောင်ကို မေးလေ၏။ ဒုသျှန္တမင်းသည် သကုန္တလ၏ အမူအရာကို ရှုစားလျက် မိမိဘာသာ ဆိုပြန်သည်မှာ

သခ်မွှဲကလျာ၊ မင်းကုန္တာငယ်
ဘယ်ညာပျံလွှား၊ မျက်လွှာနားဝယ်၊ ပျားတောင်ပံခတ်

mgyoe.com

mgyoe.com



မာယာလိုလို၊ ကြာလိုလို
ရင်ဖိုလို့ တတ်ရှာထင်ရဲ့။

အို ... သတ္တဝါဆွေ၊ ပျားလူမွှေငဲ့
ရွှေမျက်နှာနွမ်း၊ ကုန္တာပန်းဝယ်၊ ပျံသန်းဝဲခုန်
နုနယ်ညှံ့ထွား၊ သူ့ရွှေပါး
ကြောက်အားနဲ့ တုန်ရှာပေ့
တောင်ဟုန်က တဝီဝီ၊ မင့်နှုတ်က တစီစီ
မေတ္တာတော်ချွေစကား၊ မယ့်နားမှာ သီရော့သလား။

လုတ်လှဲ့ငယ် လုတ်လီ။
ရွှေပျားကို ကလျာမောင်းလေတော့
ညွတ်ပျောင်းကာ ဘယ်ညာယိမ်း
တိမ်းဘဲ့ တိမ်းဘီ။
မယ့်နှုတ်ခမ်း ဣန္ဒနီဝယ်၊ မင်း ... ပြည်လို့ ရှင်လန်း။

သည်ဘုရင့်မှာဖြင့်
ကေပွင့်ကို ဘယ်အနွယ်လို့
အကယ်ပင် မသိတုန်းပေမို့
ဘုန်းပြိုင်သူ ကိုရွှေပျားရယ်ကြောင့်
အားနွဲ့လို့နွမ်း။

ပန်းရနံ့ပျော်၊ ပျားလူမော်ငဲ့
တော်ဝင်တဲ့ သည်အလှကို၊ မင်း ... အရယူတော့မှာလားကွဲ့'
ဟု ဆိုလေ၏။

mgyoe.com